**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

၁၄ ရက်မြောက်နေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် (၁၂၀ x ၉၀)ပေ ဘက်စုံသုံး မိုးလုံလေလုံ အားကစားအဆောက်အအုံအသစ်တစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး က ဟားခါးမြို့ ကီယိုမန်း ဘောလုံးကွင်းအတွင်းတွင် မြို့နယ်အားကစား နှင့်ကာယပညာဦးစီးဌာန အမည်ပေါက်မြေဂရန် ရရှိထားသော အလျားပေ (၁၂၀) x အနံပေ(၁၀၀)ရှိ မြေပေါ်တွင် ဘက်စုံသုံးမိုးလုံလေလုံအားကစားရုံ အဆောက်အဦသစ် ဆောက်လုပ်ရန်အတွက် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေတွင် ကျပ်သန်း (၂၅၀.၀၀)ဖြင့် တင်ပြတောင်းခံခဲ့သော်လည်း၊ ဘတ်ဂျက်ဦးစားပေး အစီအစဉ်များတွင် ပါဝင်ခြင်းမရှိခဲ့ပါသော်လည်း လက်ရှိခိုင်ကမ်းမိုးလုံလေလုံ အားကစားရုံသည် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိပြီး အသုံးပြု၍ရနေသော အနေအထားဖြစ်ပါသဖြင့် လတ်တလောတွင် အားကစားရုံ အသစ်တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။

( ခ ) ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးတိုက်နယ်ဆေးရုံအား အဆောက်အအုံအသစ် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်တိုက်နယ်ဆေးရုံအသစ် လတ်တလော ဆောက်လုပ်

ပေးနိုင်ခြင်းမရှိသော်လည်း ပြည်သူလူထုအား ကောင်းမွန်သော ဝန်ဆောင်မှုများ တိုးတက်ရရှိစေရန် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသော ဆရာဝန်နှင့် ဝန်ထမ်းများအတွက် ဆရာဝန်အိမ်ရာ (၁)လုံး၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၂)လုံး တို့ကို(၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနသို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။

(ဂ) ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဆုံကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထား ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဆုံကုန်းကြီးကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ် ခွင့်ရရှိပါက ယင်းကျေးရွာအပါအဝင် ကျေးရွာပေါင်း(၄)ရွာ၊ အိမ်ခြေ (၄၈၉)အိမ်၊ လူဦးရေ(၂၂၈၉)ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလွှမ်းခြုံပေးသွား နိုင်မည်ဖြစ်ပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် မြေဧရိယာ(၀.၅၀) ဧကကို ပိုင်ဆိုင်ထားရှိပြီး၊ အဆောက်အဦကို ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ပံ့ပိုးမှုအကူအညီဖြင့် ဆောက်လုပ်ထားရှိပြီး ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း ထောက်ခံတင်ပြထားပါသဖြင့် ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိရေးအတွက် (၂၀၁၉-၂၀၂၀)ခု၊ ဘဏ္ဍာရေးနှစ်တွင် အမျိုးသား ကျန်းမာရေးစီမံကိန်းနှင့် ညှိနှိုင်း၍ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ သို့လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန)များသို့လည်းကောင်း ပေးပို့ပြီး သဘောထားမှတ်ချက်များ တောင်းခံ၍ ပြန်ကြားချက် (ထောက်ခံချက်)ရရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အသိပေး တင်ပြခြင်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အသိပေးတင်ပြပါသည်။

**အဆိုဆွေးနွေးခြင်း**

၄။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးပါသည်။

၅။ အစည်းအဝေးကို ၁၁း၁၆ နာရီ အချိန်တွင် ရပ်နားပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ၁၅ ရက်မြောက်နေ့ အစည်းအဝေးကို ၈-၂-၂၀၁၈ ရက်နေ့(ကြာသပတေးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**